# ရူး

မာယာဇုန်



# အပိုင်း (၁)

"ဇ ... ဖုန်း"

ဇာတိ၏ အသံနှင့်အတူ နားနားကပ်ကာ ဖုန်းဟူသော ဟန်ပြမှုကြောင့် ဧကရာဇ် တစ်ယောက်   မိတ်ကပ် လိမ်းပေးနေသော မိန်းကလေးအား လက်လေးပြပြီး...

"ခဏနော်"

ညှော့ခန်းဘက်သို့ ထွက်လာခဲ့လိုက်သည်။

"ဟုတ်"

ခုံမှ ထလာကာ  ညှော့ခန်းကြီးထဲ လျှောက်ဝင်လာလိုက်သည်။

"ဘယ်သူလဲ"

ချိုလွင်လွင် အသံလေးပေး၍ မေးဆတ်မေးလာသော အသံကြောင့် ဇာတိ လက်ထဲမှ ဖုန်းလေး လွှဲပေးလိုက်သည်။

ဖုန်းစခရင်ပေါ်မှ မြင်လိုက်ရသော နံပါတ်ကြောင့်  ဖုန်းလေး နားနားကပ် ကာ...

"ဟယ်လို  ကိုကြီး"

"... ..."

"ဟုတ်  ညီမလေး အချိန်ဇယား ရွှေ့လိုက်ပ့ါမယ်"

"... ... "

"ဟုတ် ကိုကြီး ... ကျေးဇူးတင်ပါတယ် ညီမလေးအတွက် အမြဲ စဉ်းစားပေးလို့ ထပ်ပြီး... ကျေးဇူးတင်ပါတယ်"

" ... ... "

" ဘိုင့် ကိုကြီး Good Luck"

ဖုန်းလေးချကာ တစ်ဖက်လှည့်လိုက်တော့ မျက်ဝန်းထက်၌ ဝေ့ဝဲနေသော မျက်ရည် ဥလေးများ တွဲခိုနေသည်မို့ ဇာတိ အိတ်ကပ်ထဲမှ ပဝါလေးထုတ်ကာ ကမ်းပေးလိုက်သည်။

"ဇ ... ရိုက်ကွင်းစတော့မယ်"

ဇာတိ၏ သတိပေး စကားကြောင့် ပဝါလေးနှင့် မျက်ရည်ကိုသုတ်ကာ ...

"အင်း ... ဒီတစ်ပတ် အချိန်ဇယားတွေ ခဏနေ ကြည့်ချင်တယ် ဒီ ရက်ပိုင်း အပြီးဖြတ်ချင်လို့ ဒီတစ်ပတ်ဆန်းဒေး စင်္ကာပူသွားရမယ် ဇာတိ ပြင်ဆင်ပေးပါဦး"

"အိုကေ စိတ်ချ ဇ"

မိတ်ကပ် ဆက်ပြင်နိုင်ရန် ခုံ၌ ထိုင်လိုက်စဉ် ကားနက်ကြီးတစ်စီး ရိုက်ကွင်းအနီးသို့ ထိုးရပ်လာသည်။ ဧကရာဇ် အကြည့်များ ထိုကားနက်ပေါ် ရောက်သွားစဉ် ချစ်ရသူ ပြည်သူချစ် နိုင်ငံကျော် အနုပညာရှင် မာန် ဆင်းလာလေသည်။

"ဇ ... နေမကောင်းဘူးလား မျက်နှာလည်း မကောင်းဘူး"

ချစ်သူကို ဂရုစိုက်တတ်လွန်းသော မာန်။ မာန်၏ မေးခွန်းကြောင့် မိတ်ကပ်လိမ်းပေးနေသော မိန်းကလေးမှာ ပြုံးစိစိနှင့် ကြည်နူးနေသယောင်။

စတင် တွေ့လိုက်သည်နှင့် ချစ်ရသူ ဘယ်လိုနေတယ် ဘယ်လို ခက်ခဲနေသည်ကို သတိထား တတ်သော မာန်ရယ်ပါ။

"ဟင့်အင်း ... ညက မအိပ်လိုက်ရဘူး ဒါကြောင့်ပါ ဒိုင်ယာလော့ခ်တွေ ပြန်နွှေးရင်း အိပ်ချိန် မရှိလိုက်တာ"

"ဟော ဧကေလည်းကွာ အရမ်းပေ့ါတာပဲ ... အဆင်ပြေပ့ါမလား ဒီနေ့"

"စိတ်မပူပါနဲ့ ကိုရယ် ဧ အဆင်ပြေပါတယ် နောက်ဆို ဧ ဂရုစိုက်ပ့ါမယ်"

"ဒီလိုပဲ ပြောပေါင်းများခဲ့ပါပြီ ဧ ... ဒါဆို ဒီည သေချာပေါက် နားရမယ်နော် "

"ဟုတ် ဟုတ် "

ဧ၏ ချစ်စရာကောင်းသော အပြုအမူလေးကြောင့် မာန်တစ်ယောက် အသည်းယားကာ ဆံပင်လေးအား လှမ်းဖွပစ်လိုက်သည်။

မာန်နှင့် ဧကရာဇ် အချစ်ဇာတ်လမ်းလေး ရိုက်နေသည်ကို ဒါရိုက်တာမှ မြင်၍ ဇာတ်ညွှန်း ဖိုင်လေး ကိုင်လာကာ ...

"မမြင်ရတဲ့ နှစ်ရက်အတွင်း လွမ်းနေရောပေ့ါ"

"မဟုတ်ပါဘူး ... အဟင်း"

"ကဲ မာန်နဲ့ ဧ ဒီနေ့ အပီအပြင် ကြိုးစားမယ်နော် ... ဧ အရမ်းလှနေတယ်"

"ဟုတ် ကျေးဇူးပါ ဒါရိုက်တာကြီးရှင့် အဟင်း ... ဒါဆို ကိုယ်က မလှဘူးပေ့ါ"

"ဟာ ဘယ်ကသာ မာန်က မိုက်တာ"

"ဟား ဟား ဟား"

ဒါရိုက်တာကြီး၏ လိမ္မာပါးနပ်သော စကား အသုံးအနှုန်းကြောင့် ထိုနေရာလေး ခဏအတွင်း ပွဲကျသွားခဲ့သည်။

ဇေကရာဇ်ဆိုတာ ပြည်သူချစ် ရုပ်ရှင်နဲ့ ဗီဒီယို သရုပ်ဆောင် အကယ်ဒမီများရှင် မင်းသမီး တစ်လက်ဖြစ်သည်။ အနုပညာသက်တမ်း သုံးနှစ်အတွင်း မယုံနိုင်လောက်အောင် အောင်မြင်မှု များစွာ ရယူနိုင်ခဲ့သည်။ ဇာတ်ပို့ဇာတ်ရန် အဓိကဇာတ်ဆောင် အနေနှင့်လည်း အကယ်ဒမီဆုများ ပိုင်ဆိုင်ထားသေးသည့် လက်တလော အနုပညာလောက၌ အလှဘုရင်မတစ်ဦးဖြစ်သည်ဟု ဆိုလျှင် ပိုသည်ဟု ထင်မည့်သူ မရှိသလောက်ရှားမည်။

ကျရာဇာတ်ရုပ်ကို ပီပြင်စွာ သရုပ်ဆောင်နိုင်သလို လူမှုဆက်ဆံရေး နယ်ပယ်၌ပါ လူအများ လေးစား စံထားစရာ ကောင်းအောင် အရွယ်နှင့်မလိုက် နေတတ်ထိုင်တတ် ပြောတတ် ဆိုတတ် သူမို့ လူတိုင်း သဘောကျရသည့် ပြည်သူ့အချစ်တော် ဖြစ်နေရခြင်း ဖြစ်သည်။

ဒါတင်မကသေး ဇေကရာဇ်၌ သိပ်ကို ချစ်တက်လွန်းသော ရုပ်ရှင်သရုပ်ဆောင် မာန်ကိုပါ ပိုင်ဆိုင်ထားသေးသည်။ နှုတ်ခမ်းနီမလေးများ အသည်းရင်ခွင်နန်း၌ ဘုရင်တစ်ပါးအလား တင်စား မြှောက်ထားပြီး ခစားရသည့် မင်းသားတစ်လက် ဖြစ်သည်။ ဇေကရာဇ်နှင့် မာန်၏ ချစ်ခြင်းအား မည်သူမှ တားဆီးခြင်းမရှိ။ ပရိသတ်အများကပါ လိုက်ဖက်ညီစွာ သဘောတူ အားကျရသည်မို့ အထူးတလည် ပျက်စီးစေရန် ဖျက်ဖို့ ခက်ပေလိမ့်မည်။

"ကဒ် "

" ... ... "

"သိပ်တော်လွန်းလို့ မချီးကျူးပဲကို မနေနိုင်တော့ဘူး ဇ ... ဇေတော့လေ မင်းသမီးဖြစ်ဖို့ မွေးဖွားလာသလားပဲ "

"မြောက်ပြန်ပြီ ဒါရိုက်တာကြီးကတော့လေ"

"တကယ်ပါဗျ ... မာန်လည်း ကြိုးစားပေးလို့ ပင်ပန်းနေရောပေါ့ နားလိုက်တော့လေ"

"ဟုတ် ကျေးဇူးပါဗျ"

မာန်က ဒါရိုက်တာကြီးအား နှုတ်ဆက်ကာ ဧ၏ ပခုံးလေးဖက်၍ ရိုက်ကွင်းအိမ်ထဲမှ ထွက်လာလိုက်သည်။

မာန်နှင့် ဧကရာဇ် ထွက်လာသည်နှင့် စပ်စပ်စုစု မီဒီယာ တချို့၏ ကင်မရာမီး တဖျပ်ဖျပ်က မျက်နှာပြင်နှုနှုပေါ် အဆက်မပြတ် ဆိုသလို ကျရောက်လာသည်မို့ ဧ မျက်နှာလေးအား မာန်လက်လေးကာကာ ကာကွယ်ပေးလိုက်သည်။

မာန် အကာအကွယ်နှင့် လျှောက်လာနေသော ဧကို မြင်သည်နှင့် ဇာတိ ကားလေးပေါ်မှ ဆင်းကာ တံခါးဖွင့်ပေးလိုက်သည်။

"သချာ ဂရုစိုက်ပြီး ကားကိုမောင်းပါ "

မိမိအား အမိန့်ဆန်ဆန် အာဏာပြနေသော မာန်ဆိုသည့် လူသားကို ဘုရှုံးရှုံးကာ ဂရုမစိုက်ပဲ ကားပေါ် တက်လိုက်သည်။

သူ့ဘာသာ ဘာကောင်ကြီး ဖြစ်နေပါစေ ယခုလို ဧ၏ ချစ်သူ ဖြစ်နေသည်ကိုက ရွံမုန်းစရာ သတ္တဝါ တစ်ကောင်ဟုသာ မြင်သည်။ ဘယ်သူတွေ ဘယ်လောက် မာန်ကို ချစ်ခင်အားပေး နေကြပါစေ မာန်၏ ဘဝင်မြင့်မြင့် လေသံမာမာ အမိန့်ဆန်ဆန် စကားတို့ကြောင့် မာန့်ကို အတိအကျ ရွံမုန်းသည်။

ပါးစပ်ထဲမှ Lollipop လေးကို ညာဖက်ပါးစောင်းသို့ လျှာလေးနှင့်တွန်းကာ နံဘေးမှ ဧကရာဇ်အား ကြည့်နေမိသော ဇာတိ။ မှန်ပြတင်းပေါင်ပေါ်

လက်လေးထောက် မျက်လုံးလေး မှိတ်ကာ လိုက်ပါလာသော အရုပ်ကလေး ...

"ဇ ..."

ဘေက်မှ တိတ်ဆိတ်နေဆဲ ...

"အချိန်ဇယားတွေ မအားရင် နားလိုက်မလား ညှိပေးမယ်လေ "

ထိုခါမှ မျက်လုံးလေး ဖွင့်လာကာ ...

"ဟင့်အင်း ... မနက်ဖြန် ကြော်ငြာကို ဒီနေ့ ညရမလားပဲ ညှိလိုက်ပါ ဇာတိ "

"မနေ့ကလည်း ပင်ပန်းထားတယ် မဟုတ်လား ဇ ... ခဏတော့ နားလိုက်ပါ ကြာရင် ဖိစီးလာလိမ့်မယ် "

ကားနောက်ခုံအား မှီ၍ ဇာတိဘက် ကေရာဇ် လှည့်လာသည်။

"ကို အမြဲ ဂရုစိုက်ပေးလို့ ကျေးဇူးတင်ပါတယ် ဇာတိ ... ရပါတယ် ဇ မနားတော့ဘူး"

"အင်း ဒါဆိုရင်လည်း ညှိပေးပါ့မယ် ဒါနဲ့ ရှေ့အပတ်ထဲ Sho လေးရဲ့ မွေးနေ့မို့ စကော်ပူကို သွားမှာလား "

ကေရာဇ် ခေါင်းလေးညိတ်ကာ ...

"ဟုတ်တယ် ... ဇလည်း Sho လေးကို လွမ်းနေပြီ Sho လည်း လွမ်းနေလောက်ပြီ"

"အရူးအမူးကို လွမ်းနေလောက်ပြီ ... ဇ ဘယ်ချိန်ထိ ဖုံးကွယ်ထားဖို့ စဉ်းစားထားတာလဲ"

ဇာတိ၏မေးခွန်းက ရင့်သီးမှန်း သိပါတယ်။ ထိုမေးခွန်းအတွက် ဒေါသထွက်ခွင့် ကျွန်မမှာမရှိ။ အတိတ်တွေကို မေ့ထားချင်ပေမဲ့ အရိပ်ဆိုးပမာ မ

ခွာတမ်း လိုက်နေသည်မို့ တစ်ခါတလေ လောကကြီးကို အရှုံးပေးချင်မိသည်။

မျက်လွှာလေးချကာ ...

"အဆုံးထိ "

ခြောက်သွေ့ကွဲအက်နေသော ဧကရာဇ် နှုတ်ဖျားမှ အဖြေကြောင့် ဇာတိ ခေါင်းကို ခါပစ်လိုက်သည်။

အပြစ်မဲ့တဲ့ Sho ဘဝလေး အမှောင်ပိတ် ခံရတော့မည်။

ခုလို ဝမ်းနည်းနေသည့် ဧကရာဇ်၏ပုံစံကို မြင်နေရတော့ လွန်ခဲ့သော ငါးနှစ်ကို သတိရမိသွားသည်။

* * *

လွန်ခဲ့သော ငါးနှစ် ... ပစ္စုပ္ပန်မှ အတိတ်ဆီသို့ ...

ဧကရာဇ်နှင့် ဇာတိ ... ဒုတိယနှစ် ဖြေအပြီး။ ဇာတိနှင့် ဧကရာဇ်က ပထမနှစ်မှစ၍ ခင်မင်လာခဲ့သည်။ မကြာသေးသော အချိန်တို အတွင်း၌ ငယ်ပေါင်းကြီးဖော်ပမာ ရင်းနှီးစွာ ခင်မင်မှုများ ရှိလာကြသည်။ ဧကရာဇ်၏ အားနည်းချက် အားသာချက် အားလုံးကိုပါ သိခဲ့ရသော ဇာတိ။ ထိုစဉ်တည်းမှ ဧကရာဇ်အား တိတ်တခိုးလေး ချစ်နေခဲ့မိသည်။

ကံကြမ္မာ မျက်နှာလွှဲသည်က ဘယ်ချိန်ကတည်းကမှန်း မသိ။ ဧကရာဇ်၌ ရူးနေအောင် ချစ်ရသူ ရှိနေလေသည်။ ဧကရာဇ်၏ ချစ်သူမှာ သျှင်မှူး ဆက်။ ဒုတိယနှစ် ပထဝီမေဂျာ၌ မှူးဆိုလျှင် မသိသူမရှိ။ ထို King နှင့်မှ တွဲနေသော သတင်းကလည်း မသိသူမရှိ သင်းပျံ့လှသည်။ ဇာတိဆိုတာ ထိုစဉ်ကတည်းက ဧကရာဇ်၏ အရိပ်သာသာ ဖြစ်ခဲ့သည်။

"မရဘူး မှူး ... နင်ဒီလိုလုပ်လို့ မရဘူး ဒီကိစ္စက နင်နဲ့လည်း ဆိုင်တယ်

ငါနဲ့လည်း ဆိုင်တယ် မှူး ... ခုလို မျက်နှာလွှဲခဲပစ် နင်မလုပ်နဲ့ဟာ"

မှူး၏ အိမ်သို့သွားရာ လမ်းကြားလေးဘက်မှ ထွက်ပေါ်လာသော ဇော်၏ အသံကြောင့် ဇာတိ လှမ်းလက်စ ခြေလှမ်းများ ရပ်တန့်လိုက်သည်။

ညအချိန်မို့ အလင်း အပြည့်အဝ မရသောနေရာက များသည်။ ပျက်စီးနေသည့် မီးအလင်းတိုင်များကို ကျေးဇူးတင်ရမည်။

ခုချိန်ထိ ဇေရာဇ်တစ်ယောက် အိမ်ပြန်မလာသေးသဖြင့် ဇော်၏ မိခင်မှာ ဇာတိအား ဖုန်းဆက်လာသည်မို့ မှူးအိမ်သို့ လိုက်ခဲ့ရခြင်း ဖြစ်သည်။ တိတ်တဆိတ် ဆက်၍ ငြိမ်သက်နေလိုက်သည့် ဇာတိ။

"ဇ ... ဒါကတော့ မင်းပျော့ညံ့ခဲ့တာပဲ ... ဒီအချိန်ကျမှ ငါနဲ့ ဆိုင်ပါတယ်လို့ ဘာအတွက် ခေါင်းစဉ် တပ်ချင်ရတာလည်း မင်းရှောင်လွှဲလည်း ရသားပဲ... ခုကျမှ ငါဆိုပြီး လက်ညှိုး လာမထိုးနဲ့ ဆောရီးပဲ "

"မှူး ...နင်တာဝန်မဲ့တဲ့ စကားတွေ လာမပြောနဲ့ နင်ငြိုငြင်မှာစိုးလို့ ငါ လိုက်လျောခဲ့တာလေ ငါ့သိက္ခာတစ်ခုလုံး အညှိုးနွမ်း အထိခိုက်ခံပြီး နင့်ကို ချစ်တဲ့ စိတ်နဲ့ ငါ ငါ ... လိုက်လျော ခဲ့တာလေဟာ နင် ... နင် ခုလိုကြီး တော့ မရက်စက်ပါနဲ့ဟာ ငါတောင်းပန်ပါတယ်"

စိတ်ပျက်စွာ မှူး ခပ်မဲ့မဲ့ ပြုံးချလိုက်ပြီး ...

"ငါနဲ့ ဆိုင်ပါတယ်လို့ ဘာကြောင့် တပ်အပ်ပြောနိုင်ရတာလဲ ... မင်းဘေးက ဇာတိကိုရော မင်းမပေးခဲ့ဘူးလို့ အာမခံလို့လား ... နွားဇာတ် လာမသွင်းနဲ့ ငါမအဘူး ... ဟိုကောင် ကန်လိုက်လို့ ဒီမှာ သောင်တင်ချင်တဲ့ မင်းအတွေးတွေ ခေါက်သိမ်းပြီး ပြန်လိုက်တော့ ထပ်ပြီး ငါနဲ့လည်း ပတ်သက်ဖို့ မကြိုးစားနဲ့"

ခေါင်းရှောင်ကာ ထွက်သွားတော့မည့် မှူးရှေ့ မာနကို ပြာချ ဒေါသကို

အငွေ့သတ်ပြီး ဒူးထောက် ထိုင်ချလိုက်သည်။

"မှူး" ... တောင်းပန်ပါတယ်ဟာ မှူး မှူး ... မဆိုင်တဲ့ သူကို လွှဲချပြီး နင်ရှောင်ဖို့ မကြိုးစားပါနဲ့ ငါ့ကိုသနားပါ ငါ့ကို သနားပါ ... ကျေးဇူးပြုပြီး ငါ့ကို ကယ်တင်ပါ ငါ ဒီကိစ္စတွေကို မေမေ့ကို ဘယ်လို ပြောရမှာလဲ ငါလည်း အရှက်နဲ့လူပါဟာ မှူး နင်ငါ့ကို ချစ်တယ်ဆို ဟင် ... ချစ်တယ်ဆို မှူး ... ခုလိုကြီးတော့ မလုပ်ပါနဲ့ ငါ့ကိုချစ်ရင် ငါ့ကိုကယ်ပါ"

"ဟား ရှက်တတ်ရင် အစတည်းက ရှောင်ခဲ့ရတယ် ... ခုကျမှ မဖုံးနိုင် မဖိနိုင်ဖြစ်မှ ရှက်နေရင်လည်း ငါမကယ်နိုင်ဘူး မင်းတို့မိန်းမတွေ သိပ်ရယ်ရတယ်သိလား ... ချစ်ပါတယ်ဆိုပြီး လိုက်လျောတယ် .... ပြီးရင် တာဝန်ယူခိုင်းတယ် ဒီမှာ ငါ့အတွက်တော့ မိန်းမဆိုတာ လိုမှသုံးရတဲ့ တစ်ရှူးတွေလိုပဲ တစ်ခါပဲသုံးတယ် တယုတယသိမ်းပြီး ထပ်ခါထပ်ခါ သုံးရတာမျိုးဆို မကြိုက်လို့ ပဝါတောင် မသုံးဘူး"

"မှူး ... နင်ဒီလောက်ထိ တာဝန်မဲ့တတ်လိမ့်မယ်လို့ ငါမသိခဲ့ ..."

"ခွပ် ... ခွပ် ... ခွပ် ... "

ဇေ ၏ စကားပင် မဆုံးလိုက် တစ်စုံတစ်ဦးက ပြေးဝင်လာကာ မှူးအား အလဲထိုး နေသည်ကို မယုံနိုင်စွာ မြင်လိုက်ရသည်မို့ ကြောင်အအ အနေအထားနှင့်သာ ရပ်နေမိတော့သည်။

"ဆက်ပြော ဆက်ပြော ... မင်းသောက်ပါးစပ်က လိုသုံးဆိုတဲ့ စကား"

"ခွပ် ... ခွပ် ... "

မြေပြင်ပေါ် ပက်လက် အနေအထား လဲကျသွားသော မှူးအပေါ် အထက်စီးမှခွကာ လက်သီးဖြင့် အဆက်မပြတ် ထိုးနှက်ချလိုက်သည်။ အရှိန်ပြင်းပြင်း ကျဆင်းလာသော ဇာတိ၏ လက်သီးချက်များကို

ရှောင်လွှဲဖို့ မှူး အားအင် ကုန်ဆုံးနေပြီ ဖြစ်သည်။

"ခွပ် ... ခွပ် ... ခွပ် ..."

"ဇာတိ ... ဇာတိ "

မှူး၏ နှုတ်ခမ်းများ ပေါက်ပြဲကာ သွေးများ ထွက်ကျလာသည်မို့ ဇေကရာဇ် ဝင်တားရန် ပြင်လိုက်သည်။

"ဆက်ပြော ဆက်ပြောလေ ...မိန်းကလေးတွေဆိုတာ အဖြူရောင်လေးတွေကွ ဆေးတစ်စက် ကျတာနဲ့ မေးမှိန်သွားတာမျိုး အဲဒါကိုမှ ဆေးဆိုးချင်တဲ့မင်း သေရာကိုသာ သွားကွာ ... တောက် ... ခွေးစကားတွေ ဆက်နားမထောင်ချင်တော့လို့ နောက်ဘဝ လှလှလေး ကိုသာ မင်းသွားပေတော့"

" ဖြောင်း ..."

"အား ... အ"

မှူး၏ မျက်နှာအား ခြေဖြင့် အားရပါးရ အားလွှဲကန်ကာ လမ်းဘေးမှတွေ့ရာတုတ် ပြေးကောက်၍ အသေသတ်ရန်သာ ဆုံးဖြတ်ထားမိသည်။ မြေပြင်ထက်မှ မှူးကတော့ ထရပ်ဖို့ပင် မစဉ်းစားရဲ အားအင်ချည့်နဲ့ကာ သွေးအလိမ်းလိမ်းနှင့် လဲကျနေလေပြီ။

တုတ်ကိုဆွဲကာ အသေသတ်ရန် ပြင်ထားသော ဇာတိကို မြင်သည်နှင့် ဇေအပြေးလေး ဇာတိအား ဆွဲတား ထားလိုက်သည်။

"မလုပ်နဲ့ ဇာတိ ... မလုပ်နဲ့ ... မလုပ်ပါနဲ့ဟာ "

"တောက် ... ဇေ နင်ခုထိ စိတ်မကုန်သေးဘူးလား နင့်ဘဝ တစ်ခုလုံးကိုနင်းခြေပစ်တဲ့ ခွေးလိုကောင်ကိုလေ "

ဇာတိ မေးခွန်းကြောင့် ဆွဲထားသည့် လက်များ ဖြုတ်ကာ ...

"မတန်လို့ "

ဇော်၏ အဖြေကြောင့် ဇာတိ ဆွံ့အသွားသည်။

"ဟုတ်တယ် မတန်လို့ ... နင်သူ့ကိုသတ်ပြီး နင့်ဘဝ ထောင်ကျသွားမယ် ငါလည်းရှုံးမယ် နင်လည်းရှုံးမယ် ငါပဲရှုံးပါစေဟာ နင်တော့ မရှုံးပါစေနဲ့တော့"

"ဇ "

တစ်ဖက်သား နစ်နာမှုကို ကြောက်သည့် ဇကေရာဇ်။

ဇာတိ၏ လက်ကိုဆွဲကာ မြေ၌ လဲကျနေသော မှူးကို ကျော်ခိုင်း၍ ထိုနေရာလေးမှ ထွက်လာ လိုက်သည်။

"ဇ "

လျှောက်လှမ်းနေဆဲ ခြေလှမ်းများ ရပ်တန့်ကာ နာမည်လေး ခေါ်လိုက်သည်။

"ဟင် "

"ဘယ်ချိန်တည်းကလဲ"

"ဘာကိုလဲ"

"ကျစ် နင်တို့ ဘယ်ချိန်တည်းက အတူ အတူ ... နေခဲ့ကြတာလဲ"

ဇခေါင်းကို ခါယမ်းကာ...

"ငါမဖြေချင်ဘူး ငါရှက်တယ် ဇာတိ ငါရှက်တယ် "

ဇ ပါးပြင်ထက်မှ မျက်ရည်စလေးကို ဇာတိ လက်မလေးနှင့် အသာအယာ သုတ်ပေးကာ ...

"မကြောက်နဲ့ ဇ ... မငိုနဲ့တော့ နင်မငိုရဘူး ဝဋ်ကြွေးတစ်ခုလို့ပဲ မှတ်

လိုက်ပါ အဲဒီ ဝဋ်ကြွေးကိုပဲ ငါလည်း ခံယူပေးမယ် "

ဇာတိ၏ စကားကြောင့် မျက်လွှာလေးပင့်ကာ မျက်ရည်သုတ်ပေးနေသည့် ဇာတိ လက်နှစ်ဖက်အား ဆုပ်ကိုင်၍ ...

"မှူးသာ ခုလို ပြောလာရင် ဘယ်လောက် ကောင်းလိုက်မလဲ အဟင့် ဟင့် ဟင့် ... ငါ ငါ မှူးကို အဆုံးထိ ယုံခဲ့မိတာ အဟင့် ဟင့် "

လမ်းလယ်ကောင်၌ပင် မထိန်းသိမ်းနိုင်တော့ပဲ ငုတ်တုတ် ထိုင်ငိုချလိုက်သော ဇေ။

"ဇေရယ် ... မငိုပါနဲ့တော့ဟာ မငိုပါနဲ့တော့ "

ဇေကရာဇ် အတွေးတွေ ပိတ်ဆို့ခဲ့ရသည်။ ထိုနေ့က ဘဝတစ်ခုလုံး ဆေးစက်ကျ စွန်းထင်ခဲ့ရသည်။ တာဝန်မဲ့ ချစ်သူကြီး၏ သစ္စာဖောက်ခြင်းကိုပါ ခံခဲ့ရသည်။ ဘယ်လိုများ ရှေ့ဆက်ရမလဲ မနက်ဖြန်တွေ မတွေးရဲလောက်အောင်ထိ လူတွေကို ရင်ဆိုင်ဖို့ ကြောက်နေမိသည်။ မျက်ရည်များသာ အားကိုးရာ...။

***